Tax Ombudsman

## ကျွန်ုပ်တို့ထံ ဆက်သွယ်နည်း

**taxombudsman.gov.au**

**၁၃၀၀ ၄၄ ၈၈ ၂၉** (ဒေသနှုန်း ဖုန်းခေါ်စရိတ်)

**enquiries@taxombudsman.gov.au**

**GPO Box 551, Sydney NSW 2001**

**အခမဲ့** ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှုများအတွက် **၁၃၁ ၄၅၀** သို့ ဖုန်းခေါ်ပြီး **၁၃၀၀ ၄၄ ၈၈ ၂၉** သို့ဖုန်းခေါ်ပေးရန် တောင်းဆိုပါ။

သင်သည် နားမကြားသူ၊ အကြားအာရုံချို့တဲ့သူ သို့မဟုတ် စကားပြောဆိုဆက်သွယ်ရန်အခက်အခဲရှိသူ ဖြစ်ပါက အကူအညီရယူရန် **accesshub.gov.au** သို့ ဝင်ရောက်ကြည့်ရှုပါ။



# အခွန်ကိစ္စ တိုင်ကြားချက် ရှိပါသလား

ကျွန်ုပ်တို့သည် ဩစတြေးလျ အခွန်နှင့် ပင်စင်စုဆောင်းငွေ စနစ်များ မျှမျှတတဖြစ်စေရန် ကူညီပေးပါသည်။

ကျွန်ုပ်တို့သည် ဩစတြေးလျအခွန်ရုံး (ATO)၊ အခွန်ကျွမ်းကျင်သူများဘုတ်အဖွဲ့ (TPB) နှင့်ပတ်သက်သည့် တိုင်ကြားချက်များကို ကြည့်ရှုပြီး ဖြေရှင်းရန် ကူညီပေးပါသည်။

Burmese | မြန်မာ

Tax Ombudsman



## တိုင်ကြားချက်တင်သွင်းနည်း

သင့်အား မကူညီမီ ATO သို့မဟုတ် TPB ထံ သင်တိုင်ကြားပြီးသား ဖြစ်ရမည်။

တိုင်ကြားရန် **taxombudsman.gov.au** သို့ ဝင်ရောက်ပြီး “**Lodge a complaint**” ကို ရွေးပါ။

စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးသည် ရုံးဖွင့်ရက် ၂ ရက်အတွင်း သင့်တိုင်ကြားချက်ရရှိကြောင်းအတည်ပြုရန်နှင့် နောက်လုပ်ဆောင်ရမည့်အဆင့်များဆွေးနွေးရန်သင့်အား ဆက်သွယ်ပါလိမ့်မည်။

## သင့်အား ကူညီနိုင်မည့်နည်း

ATO သို့မဟုတ် TPB သည် သင့်အား မမျှတစွာ သို့မဟုတ် ကျိုးကြောင်းမဆီလျော်စွာ ဆက်ဆံခဲ့သည်ဟု သင်ယုံကြည်ပါက ကျွန်ုပ်တို့အား ဆက်သွယ်နိုင်သည်။ အောက်ပါ တိုင်ကြားချက်များကို ကျွန်ုပ်တို့ကူညီနိုင်သည်-

- အခွန်ပြန်အမ်းငွေ သို့မဟုတ် အခွန်ငွေပေးချေမှုများ နှောင့်နှေးခြင်း
- ဝန်ဆောင်မှုညံ့ဖျင်းခြင်း သို့မဟုတ် မမျှတစွာ ဆက်ဆံခြင်း
- အခွန်ကြွေးကျန်များ သို့မဟုတ် ကြွေးကျန်ကောက်ခံခြင်း
- ငွေပေးချေမှုအစီအစဉ်များ သို့မဟုတ် ကောက်ခံသော အတိုးနှုန်းများ
- ငွေကြေးအခက်အခဲ အစီအမံများ
- ပေးသွင်းရမည့် ပင်စင်စုဆောင်းငွေများ ပေးရန်ကျန်ရှိနေခြင်း
- ကုမ္ပဏီအခွန်ကြွေးကျန်များ သို့မဟုတ် ဒါရိုက်တာအဖွဲ့ ဒဏ်ငွေ တောင်းခံလွှာများ။

ကျွန်ုပ်တို့၏ ဝန်ဆောင်မှုသည် အခမဲ့ဖြစ်ပြီး လွတ်လပ်မှု ရှိပါသည်။

သင့်အနေဖြင့် ကျွန်ုပ်တို့ ကူညီနိုင်မည် မသေချာပါက ကျွန်ုပ်တို့ကို ဆက်သွယ်ပါ။

သင့်ပြဿနာသည် ကျွန်ုပ်တို့လုပ်ပိုင်ခွင့်ပြင်ပတွင် ရှိနေပါက၊ အကူအညီအတွက် သင့်လျော်သော အဖွဲ့အစည်းထံ သင့်အား လမ်းညွှန်ပေးပါမည်။

သင့်၏ အခွန်ငွေစည်းကြပ်လွှာတင်သွင်းခြင်း သို့မဟုတ် သင်ပေးဆောင်ရမည့် အခွန်ပမာဏနှင့် ပတ်သက်၍ ကျွန်ုပ်တို့ အကြံဉာဏ် မပေးနိုင်ပါ။